## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီဖွဲ့စည်းမှုအပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

၁) နဝတ(ယခုနအဖ)မှကြီးမှူးကျင်းပခဲ့သည့် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စုစုပေါင်းအမတ်နေရာ (၄၈၅)အနက် (၃၉၂)နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့သည်။ ယင်းအထွေထွေရွေးကောက်ပွဲကို နဝတစစ်အုပ်စု အပါအဝင် တကမ္ဘာလုံးမှ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ်အမှတ်ပြုခဲ့ကြသည်။

၂) နဝတစစ်အုပ်စုသည် ရွေးကောက်ပွဲမတိုင်မီ ဂတိဂဝတ်ပြုခဲ့သည့် ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပခြင်းကို ငြင်းပယ်သည့်အပြင် စစ်အုပ်စုအလိုကျ ရွေးကောက်ထားသော ကိုယ်စားလှယ်အများစုဖြင့် အတုအယောင် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ် ဇန္နဝါရီ(၉)ရက်နေ့မှ စတင်ခေါ်ယူကျင်းပကာ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံ အုပ်ချုပ်ရေးတွင် စစ်တပ်မှထာဝရ စိုးမိုးချယ်လှယ်နိုင်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲလျက် ရှိသည်။ ဤသို့ပြုလုပ်ခြင်းသည် ပြည်သူလူထုတို့၏ ဆန္ဒနှင့်လားလား ဆန့်ကျင်ပြီး မိမိတို့စစ်အာဏာရှင် လူတစု ကောင်းစားရေးအတွက် လုပ်ဆောင်နေခြင်းမျှပင် ဖြစ်ပေသည်။

၃) NLDပါတီသည် ပြည်သူလူထု အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ အထွေထွေရွေးကောက်ပွဲ (၈)နှစ် ပြည့်သည့် ၁၉၉၈ ခုနှစ် မေလ(၂၇)ရက်နေ့တွင် တပြည်လုံးဆိုင်ရာ ပါတီအထွေထွေညီလာခံတရပ်ကျင်းပကာ ရက် ပေါင်း (၆၀) အတွင်း ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် အချက်(၁၃)ချက်ပါသော ထုတ်ပြန်ချက်တရပ်ဖြင့် စစ်အုပ်စု နအဖ ထံသို့ တရားဝင်တောင်းဆိုခဲ့သည်။ သို့ရာတွင် နအဖ စစ်အုပ်စုသည် NLD၏ ပြည်သူလူထုအပ်နှင်းထား သော လုပ်ပိုင်ခွင့်နှင့်အညီ တရားမျှတစွာ တောင်းဆိုမှုကို ငြင်းပယ်သည့်အပြင် တားဆီးခြင်း၊ ဖမ်းဆီးခြင်း၊ လွတ်လပ်စွာသွားလာမှုပိတ်ပင်ခြင်း စသော မတရားသော နည်းမျိုးစုံကို အသုံးပြုလျက် NLD၏ လှုပ်ရှားမှုကို တား ဆီးပိတ်ပင်ခဲ့သည်။

၄) ထို့ကြောင့် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ၁၉၉၀ ပြည်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေး ကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ပြည်သူ့လွှတ် တော်ကိုယ်စားပြု ကော်မီတီတရပ်ကို အဖွဲ့ဝင် (၁၀)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၅) ဤပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မီတီဖွဲ့စည်းခြင်းသည် ပြည်သူ့ဆန္ဒကို ဖြည့်စွက်ရာရောက်သည့် အပြင် ပြည်သူ တရပ်လုံး၏အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်ပေရာ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အပြည့်အဝ ထောက်ခံ ကြောင်း ထုတ်ပြန်ကျေညာလိုက်ပါသည်။ နအဖ စစ်အုပ်စုအနေဖြင့် ဤပြည်သူ့ လွှတ်တော်ကိုယ်စား ပြုကော်မီတီကို တရား ဝင်အသိအမှတ်ပြုရန် ဖမ်းဆီးချုပ်နှောင်ထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးရန် ချင်းအမျိုးသားတပ်ဦးမှ အလေးအနက် တောင်းဆိုလိုက်ပါသည်။

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့

ဗဟိုကော်မီတီ



Chin National Front – General Headquarters, Chinland